အိတ်ဖွင့်ပေးစာ

သို့

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ

မြန်မာ့နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းဖြင့် သမာသမတ်ကျစွာ ဖြေရှင်းနိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းမှာ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တစိုက်မတ်မတ် ခံယူထားသည်ကို ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီ လိုလားသူများက အပြည့်အဝ ထောက်ခံကြသည့်အတိုင်း အများဆန္ဒနှင့်အညီ စစ်မှန်သော ဒီမိုကရေစီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် အာမခံချက်များ ပေးနိုင်မည့် နိုင်ငံရေးအရ အဓိပ္ပာယ်ပြည့်ဝသော ဆွေးနွေးပွဲ ဖြစ်မြောက်ရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ လက်ရှိဖြစ်ပျက်နေသော မြန်မာ့နိုင်ငံရေး အခြေအနေအား သုံးသပ်မှုများပြုလုပ်ပြီးနောက် ယခုကဲ့သို့ အိတ်ဖွင့်ပေးစာ ပေးပို့ရခြင်း ဖြစ်ပါသည်။

၂၀၀၉ ခုနှစ် ဧပြီလ ၂၈ ရက်နှင့် ၂၉ ရက်နေ့များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီအထူးအစည်းအဝေး တရပ်ကို ကျင်းပသောအခါ ပါတီဝင်များ၊ အောက်ခြေအဆင့်ဆင့်ရှိ ခေါင်းဆောင်များကို နအဖစစ်အာဏာပိုင်များက ခါတိုင်း ပြုလုပ်နေကျ ခြိမ်းခြောက်မှု၊ နှောင့်ယှက်မှု၊ ဟန့်တားမှုများ မပြုလုပ်ပဲ အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်အောင် ခွင့်ပြုပေးလိုက်သကဲ့သို့ ရှိခဲ့ပါသည်။ ထိုအချက်က နအဖစစ်အာဏာပိုင်များ၏ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အပေါ် ထားရှိသော သဘောထားသည် ခါတိုင်းကဲ့သို့မဟုတ်ဘဲ ထူးခြားစွာ ပြောင်းလဲလာသည်ကို ဖော်ပြလျက်ရှိနေသည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က လက်ရှိနိုင်ငံရေးအခြေအနေနှင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပေါ် မည်သို့မည်ပုံ သဘောထားသည်ကို နအဖက သိရှိလိုသည့်အတွက် အဖွဲ့ချုပ်၏ အထူးအစည်းအဝေးကို ခွင့်ပြုခဲ့ခြင်းဖြစ်လေသလောဟု ယူဆရပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာ့နိုင်ငံရေး တိုးတက်မှု၏ အမှတ်အသားတရပ် စတင်ဖြစ်ပေါ်လာခြင်းအတွက် ကြိုဆိုလိုက်ပါသည်။

ဧပြီလ ၂၉ ရက်နေ့ ပါတီအထူးအစည်းအဝေးအပြီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွှေဂုံတိုင် ကြေညာစာတမ်း၌ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေအပေါ် သဘောထား၊ တွေ့ဆုံဆွေးနွေးရေးအပေါ် သဘောထား၊ ၂၀၁၀ ခုနှစ်တွင် နအဖက ကျင်းပရန် စီစဉ်ထားသည့် ရွေးကောက်ပွဲနှင့်ပတ်သက်သော သဘောထားများ၊ တောင်းဆိုချက်များအား ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာ့ဒီမိုကရေစီရေးအတွက် အစွမ်းရှိသမျှ အစဉ်တစိုက် ကြိုးပမ်းအားထုတ်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ထောက်ခံဝန်းရံလျက်ရှိသော မိမိတို့အနေဖြင့် ရွှေဂုံတိုင်ကြေညာစာတမ်းပါ အကြောင်းအချက်များကို အသေးစိတ် လေ့လာကြည့်ရှုရာ မြန်မာနိုင်ငံသားအားလုံးအတွက် ကြောင်းကျိုးဆီလျော်ပြီး တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ကို ခိုင်မာစွာ စွဲကိုင်ထားသည်ကို တွေ့ရပါသည်။ သို့သော် ရွှေဂုံတိုင် ကြေညာစာတမ်းသည် နအဖက တွေ့ဆုံဆွေးနွေးမှုပြုလာရေး အတွက် ဆွဲဆောင်နိုင်အား နည်းပါးသည်ဟု ရိုးသားစွာ ရှုမြင်သုံးသပ်မိပါသည်။

ရွှေဂုံတိုင်ကြေညာချက် ထွက်ပေါ်လာပြီး တလပြည့်မြောက်ခဲ့သည့်တိုင် ထိုကြေညာချက်အပေါ် နအဖက မည်သို့မျှ တုံ့ပြန်ခဲ့ခြင်း မပြုခဲ့သည်ကိုလည်း သတိပြုမိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကမ်းလှမ်းထားသည့်အတိုင်း တွေ့ဆုံ ဆွေးနွေးမှုပြုရန် နအဖဘက်က အရိပ်အယောင်ပြသခြင်း မရှိသေးသည်မှာ တွေ့ဆုံဆွေးနွေးမှု ပြုလိုစိတ် မရှိခြင်းကြောင့် သို့မဟုတ် တွေ့ဆုံဆွေးနွေးမှု မပြုပဲနေလျှင် ရသေးသည်ဟု နအဖက ယုံကြည်နေသောကြောင့် ဖြစ်နိုင်သည်ဟု ခန့်မှန်း သုံးသပ်ရဖွယ် ရှိပါသည်။

ဒီမိုကရေစီ ဖြစ်ထွန်းရေးအပေါ် နည်းနိဿယ ကွဲပြားစွာ တည်ဆောက်လျက်ရှိကြသော အဖွဲ့များအကြား အမြော်အမြင် ကြီးကြီးထားလျက် ပြင်သာပြောင်းသာစွာဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်ရေးမှာ မရှိမဖြစ် အလွန်အရေးကြီးသည်ဟု

သက်ဆိုင်သူအားလုံးတို့မှ အလေးအနက် ခံယူကြမည်ဆိုလျှင် နိုင်ငံရေးတိုးတက်မှုများကို အခိုင်အမာ စတင် လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ရာ နအဖဘက်မှ စိတ်အားထက်သန်စွာ တွေ့ဆုံဆွေးနွေးမှုမပြုပဲ မနေနိုင်သည့် အခြေအနေကို ဖော်ဆောင်သည့် နိုင်ငံရေး အဝန်းအဝိုင်းတရပ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မျှမျှတတ ဖော်ဆောင်ရန် လိုအပ်ပါသည်။ ထိုနည်းတူ နအဖကလည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့်တကွ အခြားသက်ဆိုင်သူများအားလုံး သင့်တင့်မျှတစွာ ပါဝင် ဆွေးနွေးနိုင်မည့် နိုင်ငံရေး နောက်ခံအနေအထား ဖြစ်နေအောင် စိတ်ပါလက်ပါ အားပေးဖို့ လိုအပ်ပါလိမ့်မည်။ အကယ်၍ ထိုသို့ လုပ်ဆောင်နိုင်ကြမည်ဆိုလျှင် တွေ့ဆုံဆွေးနွေးရေး မဖြစ်မြောက်စရာအကြောင်း မရှိတော့ပါ။

ထိုအတောအတွင်းမှာပင် မမျှော်လင့်သော နိုင်ငံရေးအခြေအနေသစ်တရပ်ကို နအဖဘက်မှ ဖန်တီးလိုက်သည်။ ၂၀၀၉ ခုနှစ် မေလ မကုန်မီ နေအိမ်အကျယ်ချုပ်မှ လွတ်ပေးရတော့မည့် ဒေါ်အောင်ဆန်းစုကြည်ကို နအဖက ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ (၂၂)ဖြင့် တရားစွဲပြီး ဖမ်းဆီးလိုက်သည့်ကိစ္စ ဖြစ်သည်။ ထိုအချက်က နအဖသည် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး ဩဇာအရှိန်အဝါအပေါ် အထင်အမြင်လွဲမှားနေသောကြောင့် ဖြစ်လိမ့်မည်ဟု ရှုမြင်မိပါသည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာပါက နအဖ စိတ်ကြိုက် စီစဉ်ထားသော ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ပျက်သွားနိုင်သည်ဟု နအဖက မှတ်ယူထားပုံလည်း ရသည်။ ထို့ကြောင့် သူမအား ဆက်လက် ဖမ်းဆီးထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်ဟု ယူဆရပါသည်။

အမှန်စင်စစ် ဒေါ်အောင်ဆန်းစုကြည်ကြောင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ပျက်လိမ့်မည်ဆိုသော အယူအဆသည် အလွန်ပင် ယုတ္တိကင်းမဲ့လှပါသည်။ အကြောင်းနှင့်အကျိုး ခိုင်လုံမှုမရှိပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထိရောက်ဆုံး လုပ်ဆောင်ပေးနိုင်သည့် ဒေါ်အောင်ဆန်းစုကြည်ကြောင့်သာ အဆိုပါရွေးကောက်ပွဲကို ဂုဏ်သိက္ခာရှိရှိ ကျင်းပနိုင်မည် ဖြစ်သည်ကို နအဖက စူးစမ်းဆင်ခြင်သင့်ပါသည်။ မြန်မာတပြည်လုံးအတွက် အကောင်းဆုံး နိုင်ငံရေး ထွက်ပေါက်တခုကို ဒေါ်အောင်ဆန်းစုကြည်ကသာ ဖန်တီးပေးနိုင်စွမ်းရှိပါသည်။ သို့ဖြစ်ရာ ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးထိန်းသိမ်းထားခြင်းဖြင့် မည်သို့မျှ အကျိုးထူးလာမည် မဟုတ်သည့်ပြင် နအဖ၏ ရည်မှန်းချက်များကိုပင် ဆက်လက် ထိခိုက်နေပါလိမ့်မည်။

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပါက ပြည်သူတရပ်လုံး ဝမ်းသာမည့်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက ဝမ်းမြောက်စွာဖြင့် ကြိုဆိုကြမည် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးမှာ ဒီမိုကရေစီ အမှန်တကယ် ဖြစ်ထွန်းလာရေးကို ဦးတည်သဖြင့် အဆိုပါလုပ်ရပ်အတွက် နအဖအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အသိအမှတ်ပြု ကျေးဇူးတင်ချီးကျူးမည်ဟုလည်း မိမိတို့က အခိုင်အမာ ယုံကြည်ပါသည်။ သို့ဆိုလျှင် မြန်မာ့နိုင်ငံရေးသည် အကောင်းဘက်သို့ ဦးတည်ဖြစ်ထွန်းလာမည်ဟု မှတ်ယူပါသည်။

ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကလည်း သဘောထားမြင့်မြတ်သူပီပီ လွတ်မြောက်လာမှုအတွက် နအဖ၏လုပ်ရပ်ကို ချီးကျူးမည်ဟု ယုံကြည်ပါသည်။ ထိုအခြေအနေက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖတို့အကြား ဆက်ဆံမှုများ တိုးတက်လာစေရန် ဆောင်ကြဉ်းပေးလိမ့်မည် ဖြစ်သည်။ နှစ်ဘက်အကြား နားလည်မှုနှင့် ယုံကြည်မှုများ ဖြစ်ထွန်းလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းနိုင်သည့် အခွင့်အလမ်းတခုဖြစ်သောကြောင့် နှစ်ဘက်စလုံးက အမိအရ အသုံးချနိုင်ရန် လိုအပ်ပါသည်။

နအစစ်အာဏာပိုင်များသည် အမေရိကန်အပါအဝင် အနောက်နိုင်ငံများက စီးပွားရေးပိတ်ဆို့ ပြစ်ဒဏ်ခတ်မှုများကို ဖယ်ရှားပေးရေးအား ယခင်က အခြားသူများမှတဆင့် တောင်းဆိုခိုင်းနေခဲ့သော်လည်း ၂၀၀၈ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အဆိုပါ ပြစ်ဒဏ်ခတ်အရေးယူမှုကို ရုပ်သိမ်းပေးရန် တရားဝင် အတိအလင်း ထုတ်ပြန် ပြောဆိုခဲ့သည်။ ထိုသို့ပြောဆိုချက်က နအဖစစ်အာဏာပိုင်များ၏ အကြီးမားဆုံးသော အကျပ်အတည်းတခုမှာ ပြစ်ဒဏ်ခတ်အရေးယူခံနေရမှုပင် ဖြစ်ကြောင်း ဝန်ခံလိုက်ခြင်းဖြစ်သည်။ နအဖအနေဖြင့် ဆက်လက် ခံနိုင်ရည်မရှိသော အခြေအနေဖြစ်သောကြောင့်သာ ဖယ်ရှားပေးရန် တောင်းဆိုတိုက်တွန်းနေခြင်းဖြစ်သည်ဟု ဆိုရဖွယ်ရှိပါသည်။

အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်အနေဖြင့် ယင်းအချက်ကို အလေးအနက် သုံးသပ်သင့်ပါသည်။ တမျိုးသားလုံး ပြန်လည်သင့်မြတ်ရေးကို အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်က လက်တွေ့ကျကျ ဖော်ဆောင်ရန် အားထုတ်သည့်အနေဖြင့် နအဖ ရင်ဆိုင်နေရသည့် ပြစ်ဒဏ်ခတ်အရေးယူမှု အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကျပ်အတည်း ပြဿနာများကို အတူလက်တွဲ ဖြေရှင်းလိုပါသည်ဟု အတိအလင်း ထုတ်ပြန် ကမ်းလှမ်းမည်ဆိုလျှင် ဒီမိုကရေစီပန်းတိုင်အတွက် တွေ့ဆုံဆွေးနွေးရေးကို ဖော်ဆောင်မည့် နိုင်ငံရေးအဝန်းအဝိုင်းကို ဖန်တီးရာရောက်ပါလိမ့်မည်။ တချိန်တည်းမှာပင် နအဖဘက်ကလည်း ထိုကမ်းလှမ်းချက်ကို အပြုသဘောဖြင့် စောလျင်စွာ တုံ့ပြန်ရန် လိုအပ်ပါလိမ့်မည်။

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာလျှင် ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသမားများအားလုံး လွတ်မြောက်ရေးအတွက် နှစ်ဘက်အကြား တွေ့ဆုံဆွေးနွေးပွဲများလည်း ပြုလုပ်ပေးနိုင်ပါမည်။ တွေ့ဆုံဆွေးနွေးပွဲများသည် အပြုသဘောဆောင်နေမည်ဆိုလျှင် တဘက်နှင့်တဘက် အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုများကို ခိုင်ခိုင်မာမာ တည်ဆောက်လာနိုင်ပါလိမ့်မည်။ ဤသို့ဖြင့် နအဖ၏ စိုးရိမ်စိတ်များ၊ သံသယများကို ခဝါချပစ်နိုင်ပါမည်။

နအဖစိတ်ကြိုက်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဖြစ်နေရန် ပြန်လည်သုံးသပ်ဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အဆိုပြုထားသည်ကို တွေ့ရပါသည်။ တဘက်နှင့်တဘက် အပြန်အလှန် နားလည်မှု၊ ယုံကြည်မှု အားကောင်းနေမည်ဆိုလျှင် အနာဂတ်မြန်မာနိုင်ငံအကျိုးအတွက် မြန်မာ့ရေခံမြေခံနှင့် လိုက်ဖက်သော ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ်ကို အတူလက်တွဲ ပြင်ဆင် ရေးဆွဲနိုင်ကြပါလိမ့်မည်။

ဒီမိုကရေစီ အသွင်ပြောင်းမည့် မြန်မာနိုင်ငံအတွက် နိုင်ငံသားတိုင်း တန်းတူညီမျှမှုရှိနေရေး၊ အခြေခံရပိုင်ခွင့်များ အတွက် လွတ်လပ်ခွင့်များ ရှိနေရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးများကို ထိန်းသိမ်းကာကွယ် ပေးနိုင်ရေး အစရှိသည့် ဒီမိုကရေစီ အခြေခံမူများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပြည့်အဝ အာမခံပေးနိုင်သည်ဆိုရုံမျှဖြင့် ကနဦးအဆင့် ရည်မှန်းချက်များကို အလွယ်တကူ ရောက်ရှိနိုင်စရာ ရှိပါသည်။ အမှန်စစ်စစ် ထိုမျှလောက်သော ဒီမိုကရေစီ အခြေခံမူများကို မလိုက်နာနိုင်စရာ အကြောင်းမရှိလှပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကြောင့် နောက်ထပ်ရှိနိုင်သော ကြီးမားသည့် အကျိုးဖြစ်ထွန်းမှုတရပ်မှာ နိုင်ငံတကာ ပြစ်ဒဏ်ခတ်အရေးယူမှုများ၊ ပိတ်ဆို့ထားမှုများ ရုပ်သိမ်းရေးကို ဦးတည်သွားစေလိမ့်မည် ဆိုသောအချက် ဖြစ်ပါသည်။ သို့ဖြစ်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာစေရန် နအဖဘက်က အလေးမမူပဲ ရှိနေသည့်တိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်ကြိုးပမ်းသင့်ပါသည်။

နှစ်ဘက်စလုံးက အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီ ရရှိရေး၊ တိုင်းရင်းသားအားလုံး တန်းတူညီရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးတို့ကို မဖြစ်မနေ ရှေ့ရှုနိုင်ရပါမည်။ သို့ဆိုလျှင် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်သူ့ကိုယ်စားလှယ်အဖြစ် လူထုက အတည်ပြုအပ်နှင်းပေးခဲ့သည့် လုပ်ပိုင်ခွင့်ကို အသုံးပြုကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြတ်ပြတ်သားသား အဆိုပြုထားသည့် သင်ပုန်းချေရေးမူကို အကောင်အထည်ဖော်ရန် လမ်းစပွင့်လာနိုင်ပါသည်။ ထိုလုပ်ဆောင်ချက်သည် ၂၀၀၇ ခုနှစ်ဆန်းပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်နှင့် သဘောထား ကွဲလွဲခြင်းမရှိပါ။

အချုပ်အားဖြင့်ဆိုရလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် စစ်အစိုးရအား တွေ့ဆုံဆွေးနွေးရေး စားပွဲဆီသို့ ရောက်ရှိလာအောင် ဆွဲဆောင်နိုင်သော နည်းလမ်းများကို ရှာဖွေနိုင်မည့် နိုင်ငံရေးအဝန်းအဝိုင်းကို ဖန်တီးရန်၊ နအဖဘက်၌လည်း လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို လေးစားကြောင်း သက်သေပြသည့်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးချုပ်နှောင်ထားရာမှ အမြန်ဆုံး ပြန်လွှတ်ပေး၍ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့် ဒီမိုကရေစီအရေး တိုးတက်စေနိုင်မည့် နိုင်ငံရေးနောက်ခံအနေအထားကို ဖန်တီးရန် အထူးလိုအပ်နေကြပြီဖြစ်ကြောင်း နှစ်ဘက်စလုံးအား တိုက်တွန်းလိုက်ပါသည်။

ကျော်ကျော်စိုး၊ လွင်အောင်စိုး

(ဂျပန်)